# သတင်းအဖြစ် ထုတ်ပြန်ခြင်း

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. António Guterres ထံသို့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်ထံမှ ကျေးဇူးတင်ကြောင်း စာပေးပို့**

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. António Guterres ထံသို့ ၁၄-၁၁-၂၀၂၂ ရက်စွဲဖြင့် စာတစ်စောင် ပေးပို့ခဲ့ပါသည်။

၂။ ပေးပို့စာတွင် အောက်ပါအဓိကအချက်များပါဝင်ပါသည်-

- အာဏာသိမ်းမြန်မာစစ်တပ်အား ဒီမိုကရေစီစနစ်သို့ ချက်ချင်းပြန်လှည့်ရန် လူသိရှင်ကြား တောင်းဆိုမှုအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယင်းသည် နိုင်ငံ၏ အဆုံးမသတ်နိုင်သော အိပ်မက်ဆိုးအား အဆုံးသတ်ရန် တစ်ခုတည်းသော နည်းလမ်းသာ ဖြစ်ခဲ့ပါကြောင်း၊
- ယင်းအိပ်မက်ဆိုးသည် မြန်မာပြည်သူများအတွက် အလွန်စစ်မှန်သော အကြောင်းအရာဖြစ်ပြီး နှစ်ပေါင်းများစွာကြာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအနေဖြင့် အကြမ်းဖက်စစ်တပ်၏ စနစ်တကျ ခွဲခြားဆက်ဆံခံခဲ့ရမှုနှင့် အကြမ်းဖက်ခံရမှုများကို ခံစားခဲ့ရပါကြောင်း၊ ယခုဆိုလျှင် စစ်တပ်၏ အကြမ်းဖက်မှုများသည် ယခင်က မကြုံဖူးခဲ့သော အဆင့်တစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊
- စစ်ကိုင်း၊ မကွေး၊ ရခိုင်၊ ချင်း၊ ကရင်နှင့် ကချင်ပြည်နယ်တို့တွင် အကြမ်းဖက်စစ်တပ်က ရည်ရွယ်ချက်ရှိရှိ လေကြောင်းသုံးတိုက်ခိုက်မှုများကြောင့် ခွဲခြားမှုမရှိသည့် သတ်ဖြတ်ခြင်းများသည် ယခုဆိုလျှင် ကလေးသူငယ်များကိုပင် ရက်စက်စွာ သတ်ဖြတ်နေပြီ ဖြစ်ပါကြောင်း၊
- နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးရန်နှင့် မြန်မာနိုင်ငံမှ ဒုက္ခသည်များအား ကာကွယ်ပေးရန် ဒေသတွင်းမူဘောင်တစ်ရပ် ပေါ်ပေါက်လာစေရေး နိုင်ငံအားလုံးထံသို့ တောင်းဆိုမှုကို ကြိုဆိုပါကြောင်း၊
- အာဏာသိမ်းစစ်တပ်အနေဖြင့် အာဆီယံဘုံ သဘောတူညီချက် (၅) ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ခဲ့ခြင်း မရှိခြင်းကြောင့် လူကြီးမင်း၏

ထုတ်ပြန်ချက်သည် ငြိမ်းချမ်းရေးလမ်းစဉ်ကို လျှောက်လှမ်းရန် အရေးကြီးပါကြောင်း၊

- အာဆီယံဘုံသဘောတူညီချက် (၅) ရပ်ကို အကောင်အထည်ဖော်ဆောင်ရန်မှာ အားလုံးပါဝင်နိုင်မှုသည် အရေးကြီးပါကြောင်း၊ ဖနောင်ပင်မြို့၌ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အကောင်အထည်ဖော်ဆောင်မှုအစီအစဉ် တိုးတက်မှုရှိစေရန် နိုင်ငံခြားရေးဝန်ကြီးများသို့ တာဝန်ပေးအပ်ထားပြီး ဖြစ်သည်ကို မိမိတို့အနေဖြင့် မှတ်သားမိပါကြောင်း၊
- စစ်တပ်က ဦးဆောင်သည့် ဆွေးနွေးပွဲများသည် အရပ်သားဒီမိုကရေစီအစိုးရစနစ်သို့ ပြန်လည်ရောက်ရှိရန် မဖြစ်နိုင်ပါကြောင်း၊ ယင်းဆွေးနွေးမှုဖြစ်စဉ်များသည် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လူမျိုးများမှ အရပ်သားခေါင်းဆောင်များက အဓိက ဦးဆောင်ရန် လိုအပ်ပါကြောင်း၊
- CRPH သည် မြန်မာပြည်သူများအား တရားဝင်ကိုယ်စားပြုသည့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လွှတ်တော်အဖွဲ့အစည်း ဖြစ်ပါကြောင်း၊ CRPH သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူလူထုက ရွေးကောက်ပွဲဖြင့် အခွင့်အာဏာပေးအပ်ထားမှုနှင့်အတူ ဆောင်ရွက်လျက်ရှိသည်ကို လူကြီးမင်းအနေဖြင့် သိရှိလိမ့်မည် ယူဆပါကြောင်း၊ CRPH သည် အကြမ်းဖက်မှုများ အဆုံးသတ်ပြီး ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် မြန်မာနိုင်ငံနှင့် ဒီမိုကရေစီ မိတ်ဆွေများ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့နှင့်အတူ လက်တွဲလုပ်ဆောင်ရန် အဆင်သင့်ရှိပါကြောင်း၊
- နိုင်ငံတကာပါလီမန်များအဖွဲ့က လွှတ်တော်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေး ဖော်ဆောင်သူများဖြစ်သည်ဟု ဖော်ပြထားပြီး မိမိတို့အနေဖြင့်လည်း ၎င်းအတွက် အကောင်းဆုံးလုပ်ဆောင်နေပါကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် အခြေအနေသို့ ဦးဆောင် ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်း၊ မင်းအောင်လှိုင်၏ ကလေးသူငယ်များနှင့် အရပ်သား ပြည်သူများအပေါ် အကြမ်းဖက်မှုများ၊ အပြင်းအထန် ထိခိုက်ဒဏ်ရာရစေမှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများသည် လုံးဝ ယုံကြည်

နိုင်ဖွယ် မရှိပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးအပေါ် သက်ရောက်မှုရှိစေရန် ကြိုးပမ်းသွားရမည် ဖြစ်ပါကြောင်း၊

- ဘုံသဘောတူညီချက် (၅) ရပ်နှင့် မကြာသေးမီက ချမှတ်ခဲ့သည့် အကောင်အထည် ဖော်ဆောင်ရွက်မှုအစီအစဉ် တိုးတက်လာစေရန် အာဆီယံအား အကူအညီပေးရန် လူကြီးမင်း၏ ရုံးများကို အသုံးပြုပေးရန် တောင်းဆိုပါကြောင်း၊
- ငြိမ်းချမ်းရေးနှင့် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးနိုင်ရန် သက်ဆိုင်သူများနှင့် အားလုံးပါဝင်သော ဆွေးနွေးမှုစားပွဲဝိုင်းများ ဖော်ဆောင်ရန် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အတွက် လူကြီးမင်း၏ ရုံးများကို အသုံးပြုပေးရန် တောင်းဆိုပါကြောင်း၊ တီမောလ်နိုင်ငံ၏ ဆွေးနွေးမှုများနှင့် ဆွေးနွေးပွဲများသို့ သက်ဆိုင်သူများပါဝင်ရန် ကုလသမဂ္ဂ၏ ပါဝင်မှုကို ရဲဝံ့စွာ သုံးသပ်ကြည့်စေလို ပါကြောင်း၊ လူကြီးမင်းအနေဖြင့် တီမောလ်နိုင်ငံအား အကူအညီပေးရာတွင် ကြီးမား သော အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်ကို သိရပါကြောင်း၊ လူကြီးမင်း၏ မိတ်ဆွေနှင့် အရင်းနှီးဆုံး သူငယ်ချင်း သမ္မတ H.E. Mr. Josė Ramos-Horta ကို ဖိတ်ခေါ်ပါက ပိုမို အသုံးဝင်နိုင်ပါကြောင်း၊
- မြန်မာ့ဒီမိုကရေစီနည်းကျ ရွေးကောက်ခံကိုယ်စားလှယ်များအတွက် အားလုံးပါဝင်မှု ဖြစ်စဉ်နှင့် လုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂ ပါဝင်ရေး လူကြီးမင်း၏ ရုံးများကို အသုံးပြုပေးရန် တောင်းဆိုပါကြောင်း၊ (လူကြီးမင်း၏ လက်ထောက်များက NUG အား ဆွေးနွေးပွဲ တက်ရောက်ခွင့် ပိတ်ပင်ရန် စီစဉ်သူများအပေါ် ဖိအားပေးခဲ့ခြင်း မရှိပါက NUG သည် Global Town Hall ဆွေးနွေးပွဲ ပါဝင်တက်ရောက်ခွင့်ရမည် ကိုလည်း မိမိတို့ မှတ်သားထားပါကြောင်း။)
- မြန်မာ့ပဋိပက္ခအတွက် လူကြီးမင်း၏ ကြိုးပမ်းအားထုတ်မှုများအား ကျေးဇူးတင်ရှိ ပါကြောင်းနှင့် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် လူကြီးမင်းနှင့် လက်တွဲလုပ်ဆောင်ရန် မျှော်လင့်ပါကြောင်း။